# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

May 15 , 2023 — Volume 66, Number 9

၁၅.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၀၁၆ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


### မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယအစိုးရက လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလအား ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ခွင့်ပြုထား

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် မတ်ပဲနှင့်ပဲစင်းငုံများကို အိန္ဒိယအစိုးရက လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလအား ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ခွင့်ပြုထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် မတ်ပဲနှင့် ပဲစင်းငုံတို့ကို အိန္ဒိယအစိုးရက လွတ်လပ်စွာ တင်သွင်းခွင့်ပြုပေးခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ပဲစိုက်ရာသီတွင် ပြည်တွင်းရှိ တောင်သူများ မတ်ပဲနှင့် ပဲစင်းငုံ အဓိကစိုက်ပျိုးရန် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက မေ ၁၂ ရက်တွင် အသိပေး ကြေညာခဲ့သည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် မတ်ပဲနှင့်ပဲစင်းငုံတို့ကို အိန္ဒိယအစိုးရက လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့်ကာလအား ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ခွင့်ပြုထားသည့်အတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သည့် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ဆောင်ရွက်သူအားလုံး အကျိုးကျေးဇူး ပိုမိုရရှိစေမည်ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် မတ်ပဲနှင့် ပဲစင်းငုံတို့ကို ၂၀၂၃ ခုနှစ်၌ ကျရောက်မည့် စိုက်ပျိုးရာသီချိန်တွင် အဓိကထား စိုက်ပျိုးသင့်ကြောင်းနှင့် ရာသီအမီ စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသင့်ကြောင်း အသိပေးကြေညာထားသည်။

တစ်နှစ်အတွင်း နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၃၀၀ နီးပါးရရှိခဲ့ပြီး ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာ၌ မတ်ပဲတင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၅၈ သန်း၊ ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ ဒသမ ၆၇ သန်း၊ ပဲစင်းငုံတင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၂၉ သန်း၊ ကုလားပဲတင်ပို့မှုမှ ဒေါ်လာ သုည ဒသမ ၃၇ သန်း၊ ပဲလွန်းတင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၀၈ သန်း၊ ထောပတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၂၀ ဒသမ ၉၈ သန်း၊ မြေထောက်ပဲတင်ပို့မှုမှ ဒေါ်လာ ၁၄ ဒသမ ၁၉ သန်း၊ အခြားပဲများတင်ပို့မှုမှ ဒေါ်လာ ၆၄ ဒသမ ၅၅ သန်း ရရှိခဲ့သည်။ တစ်နှစ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၇၇၀ ကျော်ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၄၃၆ သန်းကျော်နှင့် ပဲတီစိမ်း

တင်ပို့မှုမှ ဒေါ်လာ ၂၂၄ သန်းကျော် ရရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့်ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းတို့အနက် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးကို နှစ်စဉ်စိုက်ဧက စုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း၊ ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/248182

## ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ် မြင့်တက်

ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့. Food and Agriculture Organization's (FAO) ၏ စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (Food Price Index)သည် တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဧပြီလတွင် မြင့်တက်ခဲ့သည်။

သို့သော် ရုရှားက ယူကရိန်းကို ကျူးကျော်ပြီးနောက် ၂၀၂၂ ခုနှစ် မတ်လတွင် စံချိန်တင် အမြင့်ဆုံးထိုးတက်ခဲ့သည်ထက် ၂၀% နည်းနေဆဲဖြစ်သည်။ FAO ၏ စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (Food Price Index)သည် ကမ္ဘာပေါ်တွင် ကုန်သွယ်မှု အများဆုံး စားသောက်ကုန်များ၏ ဈေးနှုန်းများအပေါ် အခြေခံထားပါသည်။

ဈေးနှုန်းညွှန်းကိန်းသည် မတ်လတွင် 126.5 ဖြစ်ခဲ့ပြီး ဧပြီလတွင် 127.2 သို့ မြင့်တက်ပါသည်။ ဧပြီလ မြင့်တက်မှုသည် သကြား၊ အသားနှင့်ဆန်များအတွက် ဈေးနှုန်းမြင့်မားမှုက ကောက်နှံ၊ နို့ထွက်ပစ္စည်းနှင့်ဟင်းသီးဟင်းရွက်ဆီတို့ ကျဆင်းမှုထက် ပိုများခဲ့သဖြင့် ဈေးနှုန်းညွှန်းကိန်းများ မြင့်တက်ခဲ့သည်ဟု ရောမမြို့အခြေစိုက်အေဂျင်စီက ပြောကြားပါသည်။

ဧပြီလတွင် သကြားဈေးနှုန်းညွှန်းကိန်းသည် မတ်လထက် ၁၇.၆% ပိုများသည်။ ၂၀၁၁ အောက်တိုဘာလ နောက်ပိုင်း အမြင့်ဆုံးရေချိန် ဖြစ်သည်။ အိန္ဒိယနှင့်တရုတ်နိုင်ငံများမှ တင်ပို့မှုလျော့ကျခြင်း၊ ထိုင်းနှင့်အီးယူတို့တွင် ခန့်မှန်းထားသည်ထက် အထွက်လျော့ခြင်းတို့က သကြားဈေးနှုန်းကို ဆွဲတင်ခဲ့သည်။

အသားဈေးနှုန်းညွှန်းကိန်းသည် ဧပြီလတွင် မတ်လထက် ၁.၃% မြင့်တက်သည်။ နို့ထွက်ပစ္စည်း ဈေးနှုန်းညွှန်းကိန်းသည် ၁.၇% လျော့ကျသည်။ ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် ၁.၇% ကျဆင်းသည်။ ကောက်နှံအမျိုးမျိုးတို့၏ ကမ္ဘာ့ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ဆန်ဈေး မြင့်တက်ခဲ့သည်။

ယူကရိန်းမှ ကောက်နှံများ ပင်လယ်နက်ကို ဖြတ်သန်းတင်ပို့ခွင့် ဆက်လက်ရရှိနေခြင်းကြောင့် ကောက်နှံဈေးနှုန်း ကျဆင်းစေသည်။ အခြားအစီရင်ခံစာတစ်ခုတွင် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့ဂျုံထုတ်လုပ်မှု တန်ချိန် ၇၈၅ သန်းရှိမည်ဟု FAO က ခန့်မှန်းထားသည်။ ၂၀၂၂ ရေချိန်ထက် အနည်းငယ် လျော့နည်းသည်။

**Source: FAO**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6165-food-price-index.html

## Temasek ကုမ္ပဏီက အိန္ဒိယ လက်ဝတ်ရတနာရောင်းချသည့်လုပ်ငန်းတွင် စင်ကာပူဒေါ်လာ ၁၃၃ သန်း ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေ

စင်ကာပူရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် Temasek ကုမ္ပဏီက အိန္ဒိယလက်ဝတ်ရတနာရောင်းချသည့် Bluestone Cooperation Pte Ltd (Bluestone) တွင် အမေရိကန်ဒေါ်လာ ၁၀၀ သန်း (စင်ကာပူဒေါ်လာ ၁၃၃ သန်း) ရင်းနှီးမြှုပ်နှံရန် စဉ်းစားလျက်ရှိပါသည်။

Bluestone Cooperation သည် အကျိုးတူရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် Accel နှင့် အိန္ဒိယလုပ်ငန်းရှင် Mr. Ratan Tara

တို့၏ ကျောထောက်နောက်ခံရှိပြီး Temasek ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် Bluestone အတွက် အမေရိကန်ဒေါ်လာ ၅၀၀ သန်းနီးပါး တန်ဖိုးတက်လာနိုင်ကြောင်း အမည်မဖော်လိုသူတစ်ဦးက Reuters သတင်းဌာနကို ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါပြီးနောက် လက်ဝတ်ရတနာဝယ်လိုအားမှာ တရိပ်ရိပ်တက်လာသည်ဖြစ်ရာ Bluestone သည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး လက်ဝတ်ရတနာဝယ်ယူသည့်နိုင်ငံဖြစ်ရန် ရည်မှန်းထားပါသည်။ ရင်းနှီးမြှုပ်နှံမည့် နှစ်ဖက်သဘောတူညီမှုသည် အိန္ဒိယနိုင်ငံတွင် လက်ဝတ်ရတနာလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင်မည့် Bluestone ၏ အစီအစဉ်ကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

Bluestone သည် ၂၀၂၄ ခုနှစ်တွင် လက်ဝတ်ရတနာအရောင်းဆိုင်ပေါင်း ၃၀၀ ကို ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်းကို ယခင်က ထုတ်ဖော်ပြောကြားခဲ့ပြီး ယခုအချိန်တွင် ၎င်းကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်အရ အရောင်းဆိုင်ပေါင်း ၁၅၀ ကျော်ရှိပါသည်။ ကုမ္ပဏီအနေဖြင့် လက်ဝတ်ရတနာ အရောင်းဆိုင်ငယ်များ၊ ဆိုင်ကြီးများ၊ Titan Company နှင့် Kalyan Jewellers တို့ရှိသည့် လက်ဝတ်ရတနာဈေးကွက်တွင် ရောင်းဝယ်လျက်ရှိပါသည်။ Bluestone နှင့် CaraLane တို့မှာ သမားရိုးကျ လက်ဝတ်ရတနာ အရောင်းဆိုင်များနှင့်မတူညီဘဲ အွန်လိုင်းမှတစ်ဆင့် လက်ဝတ်ရတနာများကို ရောင်းချခြင်းဖြစ်ပါသည်။ Temasek ကုမ္ပဏီ အနေဖြင့် တရားမမှု၊ ရာဇဝတ်မှုများကျူးလွန်ခြင်းမရှိစေရေး လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး နှစ်ဖက်ညှိနှိုင်းမှုအောင်မြင်ပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုရန် သဘောတူညီမှုရနိုင်ကြောင်း သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့ပါသည်။

Temasek ကုမ္ပဏီသည် အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၆ နှစ်မှစ၍ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် ၎င်း၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံရှိပြီး ကုမ္ပဏီ၏ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ရင်းနှီးမြှုပ်နှံမှု၏ ၅ ရာခိုင်နှုန်းကျော်၊ အမေရိကန်ဒေါ်လာ ၂၉၇ ဘီလီယံရှိကြောင်း အိန္ဒိယနိုင်ငံအခြေစိုက်ရုံးမှ ခေါင်းဆောင် Mr. Ravi Lambah က The Economic Times ကို ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ပြောကြားခဲ့ပါသည်။

၂၀၂၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ အိန္ဒိယနိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၆.၄ ဘီလီယံရှိပြီး အဓိကတင်ပို့သည့် ကုန်စည်မှာ ရွှေ (အမေရိကန်ဒေါ်လာ ၁.၄၂ ဘီလီယံ) ဖြစ်ပါသည်။ အလားတူနှစ်တွင် အိန္ဒိယနိုင်ငံ၏ စင်ကာပူနိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉.၅၂ ဘီလီယံရှိပြီး အဓိကတင်ပို့သည့် ကုန်စည်မှာ သန့်စင်ပြီး ရေနံ၊ လက်ဝတ်ရတနာနှင့် အထူးပြုလုပ်ထားသည့် သင်္ဘောများဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယအများဆုံး ရွှေထည်လက်ဝတ်ရတနာ သုံးစွဲသည့်နိုင်ငံဖြစ်ပြီး ရွှေထည် လက်ဝတ်ရတနာတင်ပို့မှုမှာလည်း ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇.၆ ဘီလီယံမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂.၄ ဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း အမေရိကန်နိုင်ငံသည် အိန္ဒိယရွှေထည် လက်ဝတ်ရတနာတင်ပို့သူများ၏ အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း၊ တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် ရွှေထည်လက်ဝတ်ရတနာများကို အခွန်ပိုမိုကောက်ခံခြင်းသည် အိန္ဒိယနိုင်ငံအတွက် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာကြောင်း World Gold Council က ဖော်ပြထားပါသည်။

နှစ်နိုင်ငံအနေဖြင့် ရွှေနှင့်လက်ဝတ်ရတနာကုန်သွယ်မှုရှိသည်ကိုတွေ့ရပြီး အိန္ဒိယနိုင်ငံ၏ ရွှေထည်လက်ဝတ်ရတနာ တင်ပို့မှုမှာ အလားအလာကောင်းများရှိနေသည်ဖြစ်ရာ Temasek ကုမ္ပဏီက Bluestone တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့ပါက အိန္ဒိယနိုင်ငံ၏ လက်ဝတ်ရတနာကဏ္ဍမှာ ယခင်ကထက် ပိုမိုအောင်မြင်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။

**Source: The Straits Times**

**(စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2012052023%2015:30

## ထိုင်းနိုင်ငံသည် (EV)ဘတ္တရီထုတ်ကုန်အတွက် CATL ကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိကြောင်း အစိုးရတာဝန်ရှိသူပြော

ထိုင်းနိုင်ငံသည် ဒေသတွင်းနိုင်ငံများအကြား လျှပ်စစ်ကား(EV) ထုတ်လုပ်မှု ဗဟိုချက်မ နိုင်ငံ(၁)ခု ဖြစ်လာစေရေးအတွက် အရှေ့တောင်အာရှ၏ ဒုတိယအကြီးဆုံး စီးပွားရေးကုန်ထုတ် စက်ရုံများ တည်ဆောက်သွားရန် တရုတ်နိုင်ငံ၏ Contemporary Amperex Technology Co Ltd-CATL ကုမ္ပဏီနှင့် အခြားဘတ္တရီထုတ်လုပ်သူများနှင့် ဆွေးနွေးလျက်ရှိကြောင်း အစိုးရ အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် လျှပ်စစ်ကား ထုတ်လုပ်မှုများဆောင်ရွက်ရန် ထောက်ပံ့မှုများနှင့် အခွန်အခပေးဆောင်မှုများကို ပယ်ဖျက်ဆောင်ရွက်ပေးလျက်ရှိပြီး တရုတ်နိုင်ငံပြီးနောက် EV ကဏ္ဍအပေါ် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်(Supply Chain) တွင် အဓိကအရေးပါသည့် ဒုတိယမြောက်နိုင်ငံ တစ်ခုဖြစ်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိချိန်တွင် ထိုသို့သော ဆွေးနွေးချက်များ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

"CATL ကုမ္ပဏီသာမက အခြားကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ၌ ဘတ္တရီ စက်ရုံများ တည်ဆောက်ရန် ဘတ္တရီဆဲလ်ထုတ်လုပ်သူများကို ဆွဲဆောင်သွားလိုခြင်းမှာ ၎င်းတို့၏ ရည်မှန်းချက် (၁)ခုဖြစ်ကြောင်း" ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ Thailand Board of Investment (BOI) အထွေထွေအတွင်းရေးမှူး ဖြစ်သူ Mr. Narit က ပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာ့ဘတ္တရီဈေးကွက်ဝေစုအပေါ် ၃၇ % အထိ ပိုင်ဆိုင်ထားရှိသည့် CATL ကုမ္ပဏီသည် လက်ရှိအချိန်တွင် အရှေ့တောင်အာရှ၌ ၎င်း၏ ကုန်ထုတ်စက်ရုံများမရှိသေးကြောင်း ကုမ္ပဏီ၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံအတွင်း "ဘတ္တရီနှင့်ပတ်သက်သည့် လုပ်ငန်းများ၌ အလားအလာရှိသောပူးပေါင်း ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေဆောင်ရွက်သွားရန်" တရုတ်နိုင်ငံ၊ ဖူကျန်း (Fujian)အခြေစိုက် Ningde ကုမ္ပဏီသည် ထိုင်းစွမ်းအင်အဓိကကုမ္ပဏီဖြစ်သည့် PTT ကုမ္ပဏီနှင့် မဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို မနှစ်ကထုတ်ပြန် ကြေညာခဲ့ပါသည်။

PTT လက်အောက်ခံ ကုမ္ပဏီဖြစ်သော ARUN PLUS ကုမ္ပဏီသည် ထိုင်ဝမ်နိုင်ငံ၏ Foxconn ကုမ္ပဏီနှင့် နိုင်ငံခြား ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံ၌ လျှပ်စစ်ကား EV များကို ၂၀၂၄ ခုနှစ်တွင် အစောဆုံး ထုတ်လုပ်နိုင်ရန် ဆောက်ရွက် လျက်ရှိနေပါသည်။

ထိုင်းနိုင်ငံ၌ ဂျပန်မော်တော်ကား(Brand)များဖြစ်သော Toyota နှင့် Isuzu ကားများကို ထုတ်လုပ်လျက်ရှိပြီး ထိုင်းနိုင်ငံသည် ဒသမအကြီးဆုံး ကားထုတ်လုပ်သည့်နိုင်ငံတစ်ခုဖြစ်ပါသည်။

ထိုင်းအစိုးရ စီမံကိန်းအချက်အလက်များအရ ၂၀၃၀ ခုနှစ်တွင် ၎င်းတို့၏ နှစ်စဉ်ကားထုတ်လုပ်မှုစီးရေ ၂.၅ သန်း၏ ၃၀ % ခန့်ကို EV ကားများအဖြစ်သို့ ပြောင်းလဲထုတ်လုပ်သွားရန် ရည်မှန်းထားကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ အဓိကကုမ္ပဏီများဖြစ်သော Great Wall Motors ကုမ္ပဏီနှင့် BYD ကုမ္ပဏီများ အပါအဝင် EV ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ထိုင်းနိုင်ငံက ဆွဲဆောင်နိုင်ခဲ့ပါသည်။

သို့သော် ထိုင်းနိုင်ငံသည် ပြည်တွင်း ဘက်ထရီထုတ်လုပ်မှုများ အပါအဝင် အားသွင်းကိရိယာများ ကဲ့သို့သော EV အဓိက အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းစက်ရုံများကို ဆောင်ရွက်လာစေရန် ဆွဲဆောင်သွားလိုကြောင်း၊ အစိုးရ၏ ရည်မှန်းချက်မှာ ဘက်ထရီထုတ်လုပ်ရေး စက်ရုံကြီးများထံ တိုက်ရိုက်ပံ့ပိုးမှုများနှင့် ထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း Mr. Narit က ပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် (၈) ဂစ်ဂါဝပ် (GWh) ထက်ပိုသော စွမ်းအင်ရှိ စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေ ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထိုအရွယ်အစား စွမ်းအင်ရှိ စက်ရုံတစ်ရုံသည် ၇၅ ကီလိုဝပ်(kwh)ဖြင့် လျှပ်စစ်ကား EV ၁၀၆,၀၀၀ ကျော်အား စွမ်းအင် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။

လက်ရှိတွင် တရုတ်နိုင်ငံ၏ CATL ကုမ္ပဏီသည် ဘတ္ထရီအဓိကထုတ်လုပ်သည့် စက်ရုံကြီး (၁၃)ရုံ ပိုင်ဆိုင်ထားပြီး တရုတ်နိုင်ငံတွင် စက်ရုံ (၁၁)ရုံ၊ ဟန်ဂေရီတွင် (၁)ရုံ နှင့် ဂျာမနီတွင် (၁)ရုံတို့ ဖြစ်ပါသည်။ ၎င်းတို့အနက် ဂျာမနီနိုင်ငံ၊ Erfurt မြို့အနီးရှိ စက်ရုံသည် ယခုနှစ်အတွင်း ထုတ်လုပ်မှုအား ၁၄ ဂစ် ဂါဝပ်(Gwh) စွမ်းအင်ရှိ စက်ရုံအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

CATL အနေဖြင့် ဟွန်ဒါ (Honda) ၊ ဖို့ဒ် (Ford) နှင့် BMW ကုမ္ပဏီတို့အပြင် အခြားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို၍ တရုတ်နိုင်ငံဈေးကွက်ကိုကျော်လွန်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း CATL ၏ ဘတ္ထရီများကို Volkswagen မော်တော်ကား၏ ID series များနှင့် တရုတ်နိုင်ငံထုတ် Tesla ကားများတွင်လည်း ထုတ်လုပ်တပ်ဆင်လျက်ရှိသည်။

**Source: ရိုက်တာသတင်း**

https://www.businesstimes.com.sg/international/asean/thailand-talks-catl-others-potential-battery-plants -government-official-says

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၁၆၉၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၄၀၉၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၄၅၅၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၂၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၆၀၀၀ နှင့် Red/RC (2022 Crop) ကျပ် ၃၇၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၉၅ လုံး ( တန်ချိန် ၂၂၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မြှားနီ ကျပ် ၁၁၅၀၀၊ ပန်းရဲ ငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မိုးထောင် (ဒီမွန်) ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၅၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၄၅၀၀ (၉၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၆၀၀ (၉၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၈၀၀၀(၁၆၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၇၀၀ (၁၀၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုတ်ရှည် အိတ်ပေါင်း ၃၅၀၀ ( ၇၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ ( ၁၅၀၀ ပိဿာ ) ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၆၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၅၀ ဈေးကျဆင်းခဲ့ကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒုံး) ကျပ် ၂၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၉၀၀၊ ပခုက္ကူကြိမ်းကျပ် ၂၇၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၆၀၀၊ ကြံသကာ(စစ်) ကျပ် ၂၈၅၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၃၂၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း

တောင်သာမလိုင်(ဒုံး) ကျပ် ၁၅၀၊ ပခုက္ကူကြမ်းကျပ် ၅၀ ကြံသကာ(စစ်) ကျပ် ၅၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၂၀ ဈေးမြင့်တက်ခဲ့ပြီး ရေစကြိုထန်းလျက်(ချော) ကျပ် ၅၀ ဈေးကျဆင်းခဲ့ကြောင်းသိရသည်။

**Source: Domestic (Ygn)**

## ဆန်စပါးသိုလှောင်မှုအား မှတ်ပုံတင်စနစ်ပြုလုပ်မည်ဟုဆို

ဆန်ကုန်သည်များ၊ စက်ပိုင်များ၊ လုပ်ငန်းရှင်များ ဆန်အရောင်းဆိုင်များ၏ ဆန်စပါးသိုလှောင်မှုအား မှတ်ပုံတင်သည့်စနစ်ပြုလုပ်ရန် စာရင်းကောက်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

သိုလှောင်ရုံမှတ်ပုံတင်သည့်စနစ်အား အကောင်အထည်ဖော်ရာတွင် တောင်သူလယ်သမားများ သိုလှောင်သည့် သိုလှောင်ရုံများပါဝင်မည်မဟုတ်ဘဲ၊ ကုန်သည်များ၊ စက်ပိုင်များ၊ လုပ်ငန်းရှင်များ ဆန်အရောင်းဆိုင်များ၏ သိုလှောင်ခြင်းများကိုသာ မှတ်ပုံတင်စနစ်ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါစနစ်အား အကောင်အထည်ဖော်ရာတွင် အွန်လိုင်းဒစ်ဂျစ်တယ်နည်းလမ်းများနှင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ "လှောင်လတ်တွေမှာ ပုံမှန်လှောင်တဲ့သူတွေ များသလို ရည်ရွယ်ချက်ကောင်းကောင်းနဲ့ လှောင်တဲ့သူတွေရှိသလို အခြားသောရည်ရွယ်ချက်တွေနဲ့ လှောင်တဲ့သူတွေလည်းရှိတယ်။ ဒါကြောင့်မို့ ဒီဟာတွေမှာလည်း ကျွန်တော်တို့က မဖြစ်သင့်တာတွေ မဖြစ်ရအောင် နောက်တစ်ခါ ဘယ်လောက် လှောင်ထားတယ်ဆိုတဲ့ပမာဏတွေ တိတိကျကျသိရအောင် သိုလှောင်ရုံမှတ်ပုံတင်တဲ့စနစ်ကို လုပ်ပါမယ်။ ဒါကိုလည်း သက်ဆိုင်ရာကို တင်ပြထားပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

ဆန်စပါး သိုလှောင်မှုများကို စာရင်းကောက်ယူနိုင်ပါက နေရာဒေသတစ်ခုတွင် ဆန်ဝင်ဆန့်နိုင်သည့် သိုလှောင်ရုံ၊ သိုလှောင်ထားသည့် ဆန်အရေအတွက်၊ သိုလှောင်မှု ကျန်ရှိမည့်နေရာစသည်တို့ကို သိရှိနိုင်မည်ဖြစ်ပြီး ဆန်သိုလှောင်သည့် လုပ်ငန်းစဉ်များကို ပိုမိုဖွံ့ဖြိုးအောင် စိစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ "ဒီစနစ်က အခုမှပထမဦးဆုံးစလုပ်မှာပါ။ ဒီဟာလုပ်ရတဲ့ ရည်ရွယ်ချက်က ဆန်သိုလှောင်တဲ့လုပ်ငန်းစဉ်တွေ ပိုပြီးဖွံ့ဖြိုးအောင်စီစဉ်လို့ရတာပေါ့။ တစ်ဖက်ကလည်း ပုံမှန်ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ပုံမှန်လုပ်နေတဲ့သူတွေက ဒီလိုဟာမျိုးကို သဘောကျတယ်။ သင့်တင့်မျှတဲ့အကျိုးအမြတ်ယူတာဆိုတာ တစ်မျိုးလေ။ ဈေးကို ဆွဲတင်ချင်လို့ ဈေးကစားချင်လို့ ဆိုပြီးလုပ်တဲ့အဖွဲ့တွေကျတော့ ဆန်စပါးလောက တည်ငြိမ်မှုကို ထိခိုက်စေတာပေါ့။ ဒါတွေကိုလည်း စနစ်တကျသိမှ စနစ်တကျ ပညာပေးတာ၊ စည်းရုံးတာ၊ ဥပဒေအရအရေးယူတာ ဒါတွေလုပ်မှာပေါ့"ဟု ၎င်းကပြောသည်။

ယခုလ မတ် ၆ ရက်က ရန်ကုန်မြို့ရှိ UMFCCI ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ဆန်စပါးကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးဈေးကွက် တည်ငြိမ်မှုနကန်စေရေးအတွက် ပုဂ္ဂလိကညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## (၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ) တစ်ပတ်အတွင်းဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ (၈-၅-၂၀၂၃)တွင် အောင်ပန်း A1 ကျပ် ၁၃၀၀၊ အောင်ပန်း OK ကျပ် ၁၅၀၀၊ အောင်ပန်း S1 ကျပ် ၁၆၅၀ ၊ အောင်ပန်း S2 ကျပ် ၁၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၅၀၊ အောင်ပန်း OK ကျပ် ၁၅၀၊ အောင်ပန်း S1 ကျပ် ၁၀၀ ၊ အောင်ပန်း S2 ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၄၅ စီး (၂၇၀၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိရာ (၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၈-၅-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀၊ ဆိပ်ဖြူ

လတ်ကြီး ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မုံ့ရွာရှယ် ကျပ် ၂၃၀၀၊ မုံ့ရွာလတ်ကြီး ကျပ် ၂၃၀၀၊ မုံ့ရွာလတ်သန့် ကျပ် ၂၃၀၀ နှင့် မုံ့ရွာလတ်ချော ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မုံ့ရွာရှယ် ကျပ် ၃၀၀ ၊ မုံ့ရွာလတ်ကြီး ကျပ် ၃၀၀၊ မုံ့ရွာလတ်သန့် ကျပ် ၃၀၀ နှင့် မုံ့ရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်းကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၀၂ စီး (၆၁၂၀၀၀ ပိဿာ) ခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်၊

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၈-၅-၂၀၂၃ မှ ၁၂-၅-၂၀၂၃) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၈-၅-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၇၀၀၀၊ အောင်ပန်း ထူး-၂ ကျပ် ၄၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၄၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၃ ကျပ် ၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၄၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်းကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၂၄၀၀ (၇၂၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: Domestic-Ygn**

## ရောမတ်ပဲဈေးနှင့် ဈေးကွက်အလားအလာ

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ပဲမျိုးစုံကုန်စည်ဒိုင်၏ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသော ဈေးနှုန်းများအရ ဧပြီလ စတုတ္ထပတ်မှစတင်ပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၇၀၀၀၀ အထက် ရောက်ရှိလာကြောင်းသိရသည်။ ဆက်လက်၍ မတ်ပဲဈေးနှုန်း တဖြည်းဖြည်း တက်လာနေပြီး လွန်ခဲ့သည့် သီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ မတ်လ ၈ ရက်နေ့တွင် မတ်ပဲ ၁ တင်းလျှင် ကျပ် ၇၀၃၀၀၊ ၉ ရက်နေ့တွင် ကျပ် ၇၁၁၀၀၊ ၁၀ ရက်နေ့တွင် ကျပ် ၇၁၇၀၀၊ ၁၁ ရက်နေ့တွင် ကျပ် ၇၁၁၀၀၊ ၁၂ ရက်နေ့တွင် ကျပ် ၇၁၄၀၀၊ ၁၃ ရက်နေ့တွင် ကျပ် ၇၂၀၀၀ အသီးသီးဖြစ်ခဲ့ပါသည်။

ယခင်နှစ် ကာလတူဈေးနှုန်း တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခုလက်ရှိဈေးနှုန်းသည် စံချိန်တင်နှုန်းထားတစ်ခုဖြစ်လာကြောင်း၊ လက်ရှိမတ်ပဲဈေးသည်လည်း တောင်သူအတွက် အမြတ်ပိုမိုရရှိလာခြင်းမဟုတ်ပဲ မြန်မာငွေကြေးဈေးနှုန်းကျဆင်းခြင်းကြောင့်သာဖြစ်ပြီး FOB ဈေးနှုန်းမှာ ပုံမှန်သာဖြစ်ကြောင်းသိရှိရသည်။

မေလ ၁၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနသည် ပဲတင်သွင်းသူ ကုန်သည်အသင်းများ၊ မြန်မာဘက်မှ ပဲတင်ပို့ရောင်းချသူ exporter များနှင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး မြန်မာဘက်မှ ပဲတင်ပို့သူ exporter များအနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့မှုအား ကြန့်ကြာစေရန် ဆောင်ရွက်နေကြောင်း ၊ ထိုကဲ့သို့ တင်ပို့မှုဆက်လက်နှောင့်နှေးနေမည်မည်ဆိုပါက အိန္ဒိယနိုင်ငံအနေဖြင့် အစိုးရခြင်း G to G စာချုပ်ချုပ်ဆို ဝယ်ယူသွားရန်သာရှိကြောင်း အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။ မြန်မာ exporter များဘက်မှလည်း ပဲတင်ပို့မှုကို ကြန့်ကြာစေခြင်းမျိုး ဆောင်ရွက်ခြင်းမရှိကြောင်း ပြန်လည်ငြင်းဆိုထားသည်။

ယခုနှစ်မတ်ပဲစိုက်ဧကနှင့် အထွက်နှုန်းမှာလည်း သိသိသာသာလျော့ကျခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မှာလည်း တိုးလာနေသည်။ အိန္ဒိယနိုင်ငံအစိုးရသည် မတ်ပဲနှင့် ပဲစင်းငုံ လွတ်လပ်စွာ တင်သွင်းခွင့်ကာလကို ၂၀၂၄ ခုနှစ် မတ်လကုန်အထိ တိုးမြှင့်သတ်မှတ်ပေးထားသဖြင့် ပဲစိုက်ပျိုးသူ တောင်သူများနှင့် တင်ပို့မှုကွင်းဆက်တစ်လျှောက်ပါဝင်သူများ အကျိုးအမြတ်ပိုမိုရရှိလာနိုင်ပြီး ယခုနှစ် စိုက်ပျိုးရာသီတွင် မတ်ပဲ၊ ပဲစင်းငုံ ပိုမိုစိုက်ပျိုးရေး၊ ရာသီအမီစိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင်ရေးအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းက တိုက်တွန်းထားကြောင်းသိရှိရသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (15.5.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,622 (Shares) | 11,971,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +200 | +2.53% | 8,000 | 8,100 | 8,000 | 764 | 6,145,400 | 33,109,694 | 268,189 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,950 | 2,950 | 2,800 | 158 | 457,400 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +50 | +3.57% | 1,450 | 1,450 | 1,450 | 3,697 | 5,360,650 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 3 | 7,650 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 15th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.49 | +4.60 | +1.31% | 351.73 | 356.92 | 351.73 | 4,622 | 11,971,100 | 7 | 626,401 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 15th May, 2023

| Trading Volume | Trading Value |
|---|---|
| 4,622 (Shares) | 11,971,100 (MMK) |

### Main Board

As of 1:00 pm, 15th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,622 (Shares) | 11,971,100 (MMK) |

| MYANPIX | 355.49 ▲ 4.60 |
|---|---|
| Total Volume (shares) | 4,622 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 626,401 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 200 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |